# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ နိုင်ငံတကာဆက်ဆံရေးကော်မတီအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများနှင့်အတူ ယနေ့နေ့လယ်ပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I - 5) ရှိ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များအား သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုသည်မှာ ပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ စုဝေးရာနေရာဖြစ်ပါကြောင်း၊ လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများ ပိုမိုသိရှိစေရန် “ပြည်သူ့အသံ - လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ - လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် - လွှတ်တော်ကဖော်ဆောင်ရွက်” ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Social Media များမှလည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏လုပ်ငန်းဆောင်တာများကို အထောက်အကူပြုရန် အတွက် အမြဲတမ်းကော်မတီ(၄)ခု အပါအဝင် ကော်မတီပေါင်း(၂၂)ခုကို ဖွဲ့စည်းထားပါကြောင်း၊ ၎င်းကော်မတီများအနက် ယနေ့တွေ့ဆုံသော နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ အရေးကြီးသည့် ကော်မတီတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့အစိုးရသစ်၏ အသွင်ကူးပြောင်းရေးကာလတွင် ဤကော်မတီ၏အခန်းကဏ္ဍသည် နိုင်ငံတော်အား အထောက်အကူပြုနိုင်ရေးအတွက် ပို၍ပင် အရေးကြီးလာမည်ဟုဆိုရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်းတာဝန်များအား ဖော်ပြထားပြီးဖြစ်၍ အသေးစိတ်မပြောလိုတော့ကြောင်း၊ သို့ရာတွင်လတ်တလောဦးစားပေး လုပ်ဆောင်သင့်သည့် အောက်ပါအချက်များကိုအထူးအလေးထားဆောင်ရွက်ကြဖို့လိုပါကြောင်း၊

(၁) အာဆီယံပါလီမန်များညီလာခံ(AIPA)နှင့်ပြန်လည်ထိတွေ့ဆက်ဆံရေး၊

(၂) နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)နှင့်ပြန်လည်ထိတွေ့ဆက်ဆံမှုရရှိရေး၊

(၃) နိုင်ငံတကာလွှတ်တော်များအချင်းချင်း ချစ်ကြည်ရေးအဖွဲ့(Parliamentary Friendship Group) များဖွဲ့စည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတကာစံနှုန်းပြု ဥပဒေများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေး (ဥပမာ-လေထုညစ်ညမ်းမှုကာကွယ်ရေး၊ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်နိုင်ရေး၊ စသည်တို့ကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊

ထိုသို့ဆောင်ရွက်ရာတွင် Truck-1.5နှင့် Truck-2 စနစ်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စသည်တို့အား အရှိန်အဟုန်မြင့် ဆောင်ရွက်ရန် အသေးစိတ်မှာကြားခဲ့ပါသည်။

၎င်းနောက် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းမှ ၎င်းတို့ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအားဆွေးနွေးခြင်း၊ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း က နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ကော်မတီရုံးခန်းနှင့် အစည်းအဝေးခန်းမအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်